Myanmar Youth Association USA

BELONG • BUILD • BRIDGE

# MYA လူမှုအကျိုးပြုစင်တာ

## နွေးထွေးစွာ ခိုလှုံရာ၊ အတူတကွ တည်ဆောက်ရာ၊ အနာဂတ်အတွက် တံတားတစ်စင်း




### ထောက်ပံ့ကူညီရန် ခိုင်လုံသော အကြောင်းအရင်း

**အလှူရှင်များနှင့် လူထုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကျဉ်းချုပ် အစီရင်ခံစာ**

Fort Wayne, Indiana | Concept design: August 2026

# မျှော်မှန်းချက်

## အဆောက်အအုံတစ်ခုထက် ပိုမိုလေးနက်ခြင်း

**MYA** သည် လူငယ်များနှင့် မိသားစုများ အချင်းချင်း ရင်းနှီးချိတ်ဆက်နိုင်ရန်သာမက ယုံကြည်မှုနှင့် စွမ်းဆောင်ရည်များ တိုးတက်ဖွံ့ဖြိုးလာစေမည့်အပြင် ပိုမိုကျယ်ပြန့်သော **Fort Wayne** လူထုအသိုင်းအဝိုင်းအတွင်းသို့ အဓိပ္ပာယ်ရှိသော လမ်းစကြောင်းများ ဖန်တီးတက်လှမ်းနိုင်မည့် လူမှုအကျိုးပြု စင်တာတစ်ခု ဖြစ်ထွန်းလာစေရန် မျှော်မှန်းပါသည်။

> အဆောက်အအုံသည် အခြေခံမျှသာဖြစ်ပြီး၊ ခိုလှုံရာအသိုင်းအဝိုင်းဖြစ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးချိတ်ဆက်နိုင်ရေးတို့သည်သာ ပင်မရည်ရွယ်ချက် ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ မူဘောင် - ခိုလှုံရာနေရာ → တည်ဆောက်ရာ →ပေါင်းကူးပေးရာ


| ခိုလှုံရာ နေရာ | တည်ဆောက်ရာ | ပေါင်းကူးပေးရာ |
| --- | --- | --- |
| **ယုံကြည်စိတ်ချရသော နေရာတစ်ခု** | **လူထုနှင့် စွမ်းဆောင်ရည် အလားအလာများ** | **အခွင့်အလမ်းနှင့် အသိုင်းအဝိုင်း** |
| လူငယ်များနှင့် မိသားစုများ အသိအမှတ်ပြုခံရမှု၊ ယဉ်ကျေးမှုချင်းနားလည်မှု၊ ရင်းနှီးချိတ်ဆက်မှုတို့ကို ခံစားရရှိပြီး  အထီးကျန်မနေစေဘဲ နွေးထွေးစွာ ခိုလှုံနိုင်မည့် နေရာတစ်ခုကို ဖန်တီးပေးခြင်း။ | စိတ်နေသဘောထား၊ ပညာရေး၊ ခေါင်းဆောင်မှု၊ မိသားစုဆက်ဆံရေး၊ အလုပ်အကိုင် အသင့်ပြင်ဆင်မှု၊ ကျန်းမာရေး၊ ယုံကြည်မှုနှင့် လက်တွေ့ဘဝ ကျွမ်းကျင်မှုများကို မြှင့်တင်တည်ဆောက်ပေးခြင်း။ | လူငယ်များနှင့် မိသားစုများကို **MYA** စင်တာထက် မကဘဲ ပိုမိုကျယ်ပြန့်သော **Fort Wayne** မြို့တစ်ခွင်ရှိ ကျောင်းများ၊ အလုပ်ရှင်များ၊ အဖွဲ့အစည်းများ၊ လမ်းပြသင်ဆရာများ၊ ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများထံ ပေါင်းကူးချိတ်ဆက်ပေးခြင်း။ |

နွေးထွေးစွာ ခိုလှုံခွင့်ရရှိခြင်းသည် ပထမဆုံး အရေးကြီးဆုံး ဖြစ်သည်။ မိမိတို့၌ နွေးထွေးစွာ ခိုလှုံနိုင်မည့်နေရာနှင့် ဂရုစိုက်စောင့်ရှောက်မည့်သူများ ရှိသည်ဟု ခံစားရသောအခါ၊ လူတို့သည် လေ့လာသင်ယူရန်၊ ဦးဆောင်ရန်၊ အကျိုးပြုရန်နှင့် ပါဝင်ကူညီရန် ပိုမို အသင့်ဖြစ်လာကြသည်။

# စင်တာ

## လူထုကို ဗဟိုပြု၍ ဒီဇိုင်းရေးဆွဲထားခြင်း

လက်ရှိ မူကြမ်းဒီဇိုင်းသည် ဆုံစည်းရာ၊ လေ့လာသင်ယူရာ၊ အပန်းဖြေရာ၊ မိသားစုချင်း ရင်းနှီးချိတ်ဆက်ရာ၊ လူမှုဝန်ဆောင်မှုပေးရာနှင့် အသိုင်းအဝိုင်း၏ လူနေမှုဘဝ ဖြစ်ထွန်းရာ နေရာများကို ခေါင်မိုးတစ်ခုတည်းအောက်တွင် စုစည်းဖန်တီးပေးထားပါသည်။




ပထမထပ် အကြမ်းထည် ဒီဇိုင်းပုံစံ - **Design Collaborative**

### အသိုင်းအဝိုင်း ဆုံစည်းရာ နေရာ

နေ့စဉ် လူမှုဘဝ ရင်းနှီးကျွမ်းဝင်မှုနှင့် ချိတ်ဆက်မှုများအတွက် နွေးထွေးစွာ ကြိုဆိုနေမည့် ပင်မဝင်ပေါက်။

### ဘက်စုံသုံး ခန်းမ / အားကစားခန်းမ

အားကစားပွဲများ၊ လူငယ်လှုပ်ရှားမှုများ၊ စုဝေးပွဲများနှင့် ပွဲလမ်းသဘင်များအတွက် လိုသလို ပြောင်းလဲအသုံးပြုနိုင်သော ခန်းမ။

### ကော်ဖီဆိုင်များနှင့် စာသင်ခန်းများ

အိမ်စာလုပ်ရန်၊ ကျူရှင်သင်ရန်၊ စာပေလေ့လာရန်၊ လမ်းပြသင်ကြားပေးရန်နှင့် ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် နေရာများ။

### မီးဖိုဆောင်နှင့် စုဝေးခန်းမ

အစားအသောက်များ အတူတကွ သုံးဆောင်ရန်၊ မိသားစု အစီအစဉ်များ ပြုလုပ်ရန်၊ ညှိနှိုင်းဝတ်ပြုရန်နှင့် လူထုချင်း ရင်းနှီးချိတ်ဆက်ရန် နေရာ။

### ရုံးခန်းများနှင့် အစည်းအဝေးခန်းများ

လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရန်၊ လမ်းပြသင်ကြားမှုများ ပေးရန်၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်နှင့် ကူညီထောက်ပံ့မှု ဝန်ဆောင်မှုများ ပေးရန် နေရာများ။

### ပြင်ပ ကွင်းပြင်/ လှုပ်ရှားမှု ပြုလုပ်ရာနေရာ

အပန်းဖြေခြင်းနှင့် အသိုင်းအဝိုင်း၏ လူမှုအကျိုးပြု လှုပ်ရှားမှုများအတွက် စင်တာ၏ လုံခြုံသော ပြင်ပတိုးချဲ့နေရာ။

# ပေးစွမ်းနိုင်မည့် ခံစားချက်

## ရင်းနှီးချိတ်ဆက်မှုနှင့် စွမ်းဆောင်နိုင်ရည် အခွင့်အလမ်းများအတွက် ရည်ရွယ်ဒီဇိုင်းရေးဆွဲထားခြင်း

ဤဒီဇိုင်း၏ သဘောတရားမှာ စိတ်ကြိုက် ပြုပြင်ပြောင်းလဲနိုင်ခြင်းပင် ဖြစ်သည်။ လူတိုင်းကို နွေးထွေးစွာ ကြိုဆိုသည့် ပင်မနေရာ၊ အချိန်အခါအလိုက် လိုသလို ပြောင်းလဲအသုံးပြုနိုင်သည့် ဘက်စုံသုံး ခန်းမနှင့် အဆောက်အအုံ ပြင်ပအထိ လှုပ်ရှားမှုများကို တိုးချဲ့ပြုလုပ်နိုင်သည့် ကွင်းပြင်နေရာများ ပါဝင်ပါသည်။



အသိုင်းအဝိုင်း ဆုံစည်းရာ နေရာနှင့် ဘက်စုံသုံး ခန်းမ - **Design Collaborative** မှ ရေးဆွဲထားသော မူကြမ်း ပုံရိပ်များ

> **စင်တာတစ်ခုထဲသို့ တံခါးဖွင့်ဝင်ရောက်လာရန် အကြောင်းအရင်းများစွာ - စာလေ့လာရန်၊ အားကစားပြုလုပ်ရန်၊ ဆုံစည်းရန်၊ သင်ယူရန်၊ ကူညီဆောင်ရွက်ရန် သို့မဟုတ် နွေးထွေးစွာ ခိုလှုံရန်။**

# နေရာအကျယ်အဝန်းမှသည် သက်ရောက်မှုအထိ

## သင်၏ ပူးပေါင်းဆောင်ရွက်မှုက ဖန်တီးပေးနိုင်မည့် အခွင့်အလမ်းများ

အဝိကစီမံကိန်းတစ်ခု၏ တန်ဖိုးသည် ၄င်းက နေ့စဥ်ဖန်တီးပေးနေသည့် ရလဒ်များပေါ်တွင် မူတည်ပါသည်။ ဤစင်တာကို ဆောက်လုပ်ရေးစီမံကိန်း တစ်ခုအနေဖြင့်သာမက လူငယ်များနှင့် မိသားစုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစင်မြင့် တစ်ခုအဖြစ် ရည်ရွယ်ထားခြင်း ဖြစ်သည်။

| | |
|---|---|
| ပြန်လည်ခိုလှုံရာ နေရာတစ်ခု | လူငယ်များနှင့် မိသားစုများ စိတ်ချယုံကြည်စွာဖြင့် ရေရှည်ခိုင်မြဲသော ဆက်ဆံရေးများ တည်ဆောက်နိုင်မည့် မှန်ကန်စိတ်ချရသော ပတ်ဝန်းကျင်တစ်ခု။ |
| သင်ယူရန်နှင့် ဦးဆောင်ရန် နေရာ | စာလေ့လာခြင်း၊ လမ်းညွှန်ပြသပေးခြင်း၊ သင်တန်းများ၊ ခေါင်းဆောင်မှု အရည်အသွေး မြှင့်တင်ခြင်းနှင့် လူမှုဘဝနှင့် လုပ်ငန်းခွင်အတွက် လက်တွေ့ကျသော ပြင်ဆင်မှုများ။ |
| ကျန်းမာရေးနှင့်ညီညွတ်သော လှုပ်ရှားမှုများနှင့် ထိတွေ့ဆက်ဆံမှု | အားကစားပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အတူတကွ အချိန်ကုန်လွန်ရန် အကျိုးရှိသော နည်းလမ်းများ။ |
| ပိုမိုခိုင်မာသော မိသားစုများ | အတူတကွ စားသောက်ရန်၊ မိသားစုအစီအစဥ်များ ပြုလုပ်ရန်၊ စကားပြောဆိုရန်နှင့် ကူညီပံ့ပိုးပေးရန်အတွက် နေရာ။ |
| Fort Wayne သို့ ပေါင်းကူးတံတားတစ်ခု | MYA အနေဖြင့် လူငယ်များကို အလုပ်ရှင်များ၊ ကျောင်းများ၊ လမ်းညွှန်ပြသပေးသူများ၊ အဖွဲ့အစည်းများနှင့် လူမှုအသိုင်းအဝိုင်း မိတ်ဖက်များနှင့် ချိတ်ဆက်ပေးနိုင်မည့် အခြေစိုက်စခန်းတစ်ခု။ |
| လူမှုအသိုင်းအဝိုင်းနှင့်အတူ တိုးတက်လာနိုင်သည့် နေရာ | မတူညီသော အသက်အရွယ်များ၊ အစီအစဥ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အချိန်နှင့်အမျှ ဝန်ဆောင်မှုပေးနိုင်သည့် လိုက်လျောညီထွေရှိသော နေရာ။ |

# ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ မျှော်မှန်းချက်

## တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဆောင်ရွက်သည့် အဓိကစီမံကိန်းကြီး

**Michael Kinder & Sons** သည် **Design Collaborative** ၏ ၂၀၂၆ ခုနှစ် ဩဂုတ်လ စီမံကိန်း အယူအဆအပေါ် အခြေခံ၍ အကြမ်းဖျင်းခန့်မှန်းခြေ **(ROM)** ဘတ်ဂျက်တစ်ခုကို ပြင်ဆင်ထားပါသည်။ ဤသည်မှာ စီးပွားရေးဆိုင်ရာ စောစီးစွာ လျာထား တွက်ချက်မှုသာဖြစ်ပြီး နောက်ဆုံးဆောက်လုပ်ရေး စာချုပ် သို့မဟုတ် ရန်ပုံငွေရှာဖွေရေး အပြီးသတ်လျာထားချက် မဟုတ်ပါ။

**ဒေါ်လာ ၇.၃၈ သန်း**

**လက်ရှိ အကြမ်းဖျင်း ခန့်မှန်းခြေ ဘတ်ဂျက် (ROM)**

**ခန့်မှန်းခြေတွင် ပါဝင်သောအရာများ**

- လူမှုအကျိုးပြု စင်တာ အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် ပေါင်းကူးနေရာ။
- ဒုတိယထပ်၏ ပင်မအဆောက်အအုံနှင့် အခြေခံဝန်ဆောင်မှုများ။
- လက်ရှိ အဆောက်အအုံ အစိတ်အပိုင်းများကို ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်း။
- အထွေထွေ အခြေအနေများ၊ စာရွက်စာတမ်း ခွင့်ပြုမိန့်များ၊ အာမခံနှင့် ဆောက်လုပ်ရေး လုပ်ငန်းခ။

**မှတ်ချက် - အကြမ်းဖျင်း ခန့်မှန်းခြေ (ROM) တွင် ဒီဇိုင်းရေးဆွဲခများ၊ ပရိဘောဂများ၊ တပ်ဆင်ပစ္စည်းများနှင့် စက်ကိရိယာများ (FF&E) မပါဝင်ပါ။ စီမံကိန်း ရှေ့ဆက်သည်နှင့်အမျှ လုပ်ငန်းပမာဏ၊ အဆင့်များ ခွဲခြားခြင်း၊ ကုန်ကျစရိတ် ချွေတာရေး နည်းလမ်းများ၊ ကူညီပံ့ပိုးသော ဝန်ဆောင်မှုများနှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခွင့်များပေါ် မူတည်၍ နောက်ဆုံး လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ ပြောင်းလဲနိုင်သည်။**



ပြင်ပနေရာများ - **Design Collaborative** ၏ ဒီဇိုင်းပုံကြမ်း

# မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

## အဆောက်အအုံတစ်ခု ထက်ပိုသည်ကို အတူတကွ တည်ဆောက်ကြပါစို့။

ဤမျှော်မှန်းချက်ကို ရှေ့သို့ ဆက်လက်တွန်းအားပေးနိုင်ရေးအတွက် တစ်ဦးချင်းစီ၊ မိသားစုများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုအသိုင်းအဝိုင်း မိတ်ဖက်များ ပါဝင်ကူညီနိုင်မည့် နည်းလမ်းများကို လေ့လာ စုံစမ်းရန် ဖိတ်ခေါ်အပ်ပါသည်။

**၁**

**မတည်ရင်းနှီးမြှုပ်နှံ လှူဒါန်းမှု**
စင်တာနှင့် ယင်း၏ ပင်မနေရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက် ရင်းနှီးမြှုပ်နှံနိုင်ခြင်း။

**၂**

**ပစ္စည်းနှင့် ဝန်ဆောင်မှု ပံ့ပိုးမှု**
ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ကိရိယာများ၊ ပရိဘောဂများ၊ နည်းပညာ သို့မဟုတ် စီမံကိန်း အတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးနိုင်ခြင်း။

**၃**

**နေရာ သို့မဟုတ် အစီအစဉ် ပံ့ပိုးကူညီမှု**
သင်၏ စိတ်ပါဝင်စားမှုနှင့် ကိုက်ညီသည့် အနာဂတ်အခန်း၊ အစီအစဉ်ပြုလုပ်မည့် နေရာ သို့မဟုတ် လုပ်ဆောင်ချက်များကို ကူညီပံ့ပိုးနိုင်ပြီး စီမံကိန်း ပိုမို အသေးစိတ်ကျလာသည်နှင့်အမျှ သီးသန့် အသိအမှတ်ပြု ဂုဏ်ပြုမည့် အခွင့်အလမ်းများကို ဆောင်ရွက်ခြင်း။

**၄**

**မဟာဗျူဟာမြောက် မိတ်ဆက်ပေးမှု**
ဤမျှော်မှန်းချက်ကို စိတ်ပါဝင်စားနိုင်သည့် လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ဖောင်ဒေးရှင်းများနှင့် အဖွဲ့အစည်းများကို MYA နှင့် ချိတ်ဆက်ပေးနိုင်ခြင်း။

**၅**

**ရေရှည် ပူးပေါင်းဆောင်ရွက်မှု**
စင်တာ ဆောက်လုပ်ရေးတွင်သာမက နောင်လာမည့် နှစ်များစွာအထိ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အလမ်းများနှင့်အတူ အသက်ဝင် လှုပ်ရှားနေစေရန် ကူညီနိုင်ခြင်း။

**နောက်ထပ် လုပ်ဆောင်ရမည့် အဆင့်မှာ ဆွေးနွေးတိုင်ပင်ခြင်း ဖြစ်သည်။**
**ခိုလှုံရာနေရာ ဖြစ်ခြင်း → တည်ဆောက်ခြင်း → ပေါင်းကူးပေးခြင်း ၏ မည်သည့် အစိတ်အပိုင်းက သင့်ကို ဆွဲဆောင်မှု ရှိစေပါသနည်း။**

**MYA အနေဖြင့် သင်၏ စကားသံများကို နားထောင်ရန်၊ သင့်အတွက် အရေးပါသည်များကို လေ့လာရန်နှင့် အလှူရှင်ရော လူမှုအသိုင်းအဝိုင်းအတွက်ပါ အဓိပ္ပာယ်ရှိသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ရှာဖွေသွားရန် ဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိပါသည်။**

## ခိုလှုံရာနေရာ → တည်ဆောက်ရာ →ပေါင်းကူးပေးရာ

# လူမှုအကျိုးပြု စင်တာဆိုသည်မှာ ပန်းတိုင်အဆုံးသတ် မဟုတ်ပါ။

### ယင်းသည် လူငယ်များနှင့် မိသားစုများ အရှေ့သို့ ဆက်လက် လှမ်းချီ တိုးတက်သွားနိုင်မည့် စတင်ရာ နေရာတစ်ခု ဖြစ်ပါသည်။




Myanmar
Youth
Association
USA

ခိုလှုံရာနေရာ → တည်ဆောက်ရာ →ပေါင်းကူးပေးရာ

Fort Wayne, Indiana

*For donor and community conversations - August 2026*